# ရှမ်းပြည်မြောက်ပိုင်းတွင် ဖြစ်ပွားနေသည့် တိုက်ပွဲများအပေါ် ရှင်းလင်းချက်နှင့် ဒေသခံပြည်သူလူထုများအား မေတ္တာရပ်ခံချက်

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက်

၁။ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၂၀)ရက်နေ့ နံနက်ပိုင်းမှစတင်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ် (၁၀၅)မိုင်၊ မုံးကိုး၊ ပန်ဆိုင်း၊ နမ့်ခမ်းနှင့် ကွတ်ခိုင်ဒေသရှိ မြန်မာ့တပ်မတော်စခန်းများအား မိမိတို့ ရက္ခိုင့်တပ်မတော်(AA)၊ ကချင်ပြည်လွတ်လပ်ရေးတပ်မတော် (KIA)၊ မြန်မာအမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA)နှင့် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA)တို့က မြောက်ပိုင်းမဟာမိတ်ညီနောင်များ စစ်ဆင်ရေးအဖြစ် စတင်ပူးပေါင်းလှုပ်ရှားခဲ့ပါသည်။

၂။ ကချင်၊ ကိုးကန့်၊ တအာင်း၊ ရခိုင်နှင့် ရှမ်းအစရှိသည့် တိုင်းရင်းသားဒေသများတွင် မြန်မာ့တပ်မတော်က ထိုးစစ်များ ပိုမိုပြုလုပ်လာကာ စစ်ရေးဖိအားများ ဆက်တိုက်တိုးလာပါသည်။ အပြစ်မဲ့ပြည်သူလူထုရှိရာနေရာများကို ဦးတည်ပြီး ၁၀၅၊ ၁၂၀ မမ လက်နက်ကြီးများဖြင့်လည်း ဆက်တိုက်ပစ်ခတ်သည့်အပြင် ဒေသခံတိုင်းရင်းသားများအား ဖမ်းဆီးနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းများ ပိုမိုပြုလုပ်လာပါသည်။

၃။ နိုင်ငံတဝှမ်းလုံး ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ အချို့နှင့် မြန်မာအစိုးရတို့ ဆွေးနွေးကြိုးပမ်းနေသော်လည်း မြန်မာ့တပ်မတော်က မြန်မာပြည်တွင်းငြိမ်းချမ်းရေး ပျက်ပြားစေမည့် ထိုးစစ်များ ဆက်တိုက်ပြုလုပ်လျှက်ရှိပါသည်။ မြန်မာပြည်နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်တွေ့ဆုံဖြေရှင်းရေးနည်းလမ်းကို မလိုလားသည့်အတွက် တိုင်းရင်းသားလူမျိုးတို့၏ နိုင်ငံရေး၊ စစ်ရေးများကို အလုံးစုံထိခိုက်ပျက်ပြားစေရန် မြန်မာ့တပ်မတော်က ချေမှုန်းဆောင်ရွက်လျှက်ရှိသည်။

၄။ မိမိတို့ မြောက်ပိုင်းမဟာမိတ်ညီနောင်များသည် စစ်မှန်သောငြိမ်းချမ်းရေးကိုအထူးလိုလားပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဖြေရှင်းရန် ဆန္ဒအပြည့်ရှိသော်လည်း မြန်မာ့တပ်မတော်၏ စစ်ရေးဖိအားကိုသာ ဆက်လက်ခံနေကြရသဖြင့် ယခုကဲ့သို့ စစ်ရေးပူးပေါင်းဆောင်ရွက်မှုမျိုးကို မလွှဲမရှောင်သာ ပြုလုပ်ကြရပါသည်။

၅။ ထို့ကြောင့် စစ်ရေးလှုပ်ရှားမှုကာလအတွင်း စစ်ဘေးဒဏ်မှ ရှောင်ရှားနိုင်ရန်အတွက် ရှမ်းပြည်မြောက်ပိုင်းတွင် ခရီးသွားလာခြင်းများ ခေတ္တဆိုင်းငံ့ကြပါရန် တိုင်းရင်းသားပြည်သူလူထုတို့အား မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။ ရှမ်းပြည်မြောက်ပိုင်းတွင်ရှိသော ဒေသခံပြည်သူလူထုများအနေဖြင့်လည်း စစ်ဘေးဒဏ်ကို ကြိုတင်ရှောင်ရှားသွားလာကြပါရန်နှင့် တိုင်းရင်းသားပြည်သူလူထုတရပ်လုံးအတွက် မလွှဲသာမရှောင်သာပြုလုပ်ရသည့် ပူးပေါင်းစစ်ရေးလှုပ်ရှားမှုကို ကူညီပံ့ပိုးပေးကြပါရန် အနူးအညွတ်ရှင်းလင်းပန်ကြားအပ်ပါသည်။

ARAKAN ARMY
GENERAL HEADQUARTERS
K.I.A
MNDAA
P.S.L.F (H.Q)
Palaung State Liberation Front

မြန်မာပြည်မြောက်ပိုင်းမဟာမိတ်တပ်ပေါင်းစု